**ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှထုတ်ပြန်ကြေငြာချက်**

**၂၀၁၄ ခုနှစ် ဇွန်လိုင်လ ၁၀ ရက်**

## မြန်မာအစိုးရမှရှမ်းပြည်နယ်မြောက်ပိုင်းရှိငြိမ်းချမ်းရေးလက်နက်ကိုင်အင်အားစုအားဦးတည်သည့်စစ်ဆင်ရေးသစ်ပြုလုပ်နေခြင်းကိုရပ်ရန်

ပြီးခဲ့သည့်၂၀၁၄ခုနှစ်ဇွန်လမှစ၍ငြိမ်းချမ်းရေးလက်နက်ကိုင်အင်အားစုတစ်စုဖြစ်သည့် (SSPP) ရှမ်းပြည်တိုးတက်ရေးပါတီ/(SSA)ရှမ်းပြည်တပ်မတော်(သို့)(SSA-N ရှမ်းပြည်မြောက်ပိုင်းတပ်မတော်) အားဦးတည်သည့်စစ်ဆင်ရေးပြုလုပ်ရာတပ်ရင်း၁၀ရင်းမှစစ်အင်အားပေါင်း၂၀၀၀ကျော်ခန့်ကိုမြန်မာစစ်တပ်မှကျေးသီးမြို့နယ်နှင့်မိူင်းရှူးမြို့နယ်များအတွင်းတပ်ဖြန့်ချထားလျက်ရှိသည်။ယင်းစစ်ဆင်ရေးကြောင့်ရာနှင့်ချီသည့်ဒေသခံပြည်သူများသည်အခွင့်အရေးချိုးဖောက်ခံရမှုများဖြင့်ကြုံတွေ့နေရသည်။

ပထမဦးဆုံးသောတိုက်ခိုက်မှုမှာကျောက်တူးဖော်ရာနေရာအနီးရှိရှမ်းပြည်နယ်မြောက်ပိုင်းတပ်မတော်တပ်စွဲရာစခန်းဆီသို့ဦးတည်ပြီးမြန်မာစစ်တပ်မှရာနှင့်ချီသည့်စစ်အင်အားဖြင့်ချီတက်ခဲ့စဉ်ကဖြစ်ပြီး၊ တိုက်ပွဲမှာပြီးခဲ့သည့်ဇွန်လ၁၁ရက်နေ့မှ၁၄ရက်နေ့အထိမိုင်းရှူးမြို့နယ်အတွင်းဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်းမြန်မာစစ်တပ်မှလူနေရွာအတွင်းစခန်းချတပ်စွဲကာရွာထဲမှနေ၍မော်တာသေနတ်များဖြင့်ပစ်ခတ်ခြင်းများပြုလုပ်ခဲ့ခြင်းကြောင့်ရွာနေဒေသခံပြည်သူများ၏အသက်အိုးအိမ်များအားအန္တရယ်တွင်းထဲကျရောက်စေခဲ့သည်။ထိုမျှမကမြန်မာစစ်တပ်များမှဒေသခံရွာသားများအားစစ်ပွဲအတွင်းလမ်းပြအဖြစ်လုပ်ဆောင်ခိုင်းခြင်းနှင့်တပ်သားများအတွက်ကားမောင်းခိုင်းပေးခြင်းစသည်တို့ကိုအဓမ္မခိုင်းစေခဲ့သည်။

ဇွန်လ၂၄ ရက်နေ့တွင်မြန်မာစစ်တပ်မှစစ်ကားထရပ်ကားအစီး၅၀စာစစ်အင်အားနှင့်၊ လက်နက်များနှင့်ကျည်များအားမန္တလေးမှတိုက်ပွဲဖြစ်ပွားလျက်ရှိသည့်ဒေသအတွင်းသို့တပ်ဖြည့်ခဲ့သည်။ ဇွန်လ၂၆ ရက်နေ့တွင်မြန်မာစစ်တပ်မှရှမ်းပြည်နယ်မြောက်ပိုင်းတပ်မတော်(SSA-N)ဌာနချုပ်၏အနောက် မြောက်ဘက်၂၀ ကီလိုမီတာအကွာရှိ SSA-N ၏တပ်စခန်းအားအမြောက်လက်နက်များဖြင့်ပစ်ခတ်ခဲ့သည်။

ယင်းနောက်ရက်အနည်းငယ်ခန့်ကြာသည်အထိပြည်သူလူထုများထူထပ်စွာနေသည့်နေရာများ အတွင်းမော်တာလက်နက်များဖြင့်ပစ်ခတ်ခဲ့သည်။ထိုအချိန်မှစ၍မြန်မာစစ်တပ်တပ်ရင်း ၇ ရင်းမှစစ် အင်အား ၈၀၀ ကျော်ခန့်တို့မှာလူနေရွာများအတွင်းစခန်းချတပ်စွဲထားခဲ့သည်။ ရွာနေပြည်သူလူထု များ၏သွား လာ ရေးနှင့်စားနပ်ရိက္ခာများဆန်များအားရွာအတွင်းအပြင်သယ်ယူ ပို့ဆောင်ခြင်း စသည် တို့ကို တားမြစ်ထားသည်။ ထို့ပြင်မြန်မာတပ်သားများသည်ရွာသားများ၏လယ်ယာများ အတွင်းကင်း လှည့် ခြင်း၊ ရွာသားများ၏စိုက်ပျိုးပင်များခြံစည်းရိုးများအားဖျက်စီးပစ်ခြင်းနှင့်ရွာသားပိုင်ဥစ္စာပစ္စည်းများ လုယူခြင်းစသည်တို့ကိုပြုလုပ်လျက်ရှိသည်။ ဤကဲ့သို့လုပ်ဆောင်နေခြင်းကြောင့်ဒေသခံရွာသား ပေါင်း၂၀၀ ခန့်တို့မှာ၎င်းတို့၏နေအိမ်များမှတိမ်းရှောင်ကာဒေသအတွင်းရှိဘုန်းကြီးကျောင်း အတွင်း ခိုလှုံနေ ကြရသည်။

ပြီးခဲ့သည့်ဇွန်လိုင်လ၂ရက်နေ့တွင်မြန်မာစစ်တပ်မှအနီးတစ်ပိုက်ရှိတပ်ရင်းများမှစစ်ကား ၁၈ စီးစာစစ် အင်အားကိုတိုက်ပွဲဖြစ်ပွားရာနေရာအတွင်းဖြည့်စွက်ခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့ အနီးမန်ကတ်ရွာအတွင်းမြန်မာစစ်တပ်မှလက်နက်ကြီးစစ်သင်တန်းကျောင်း အသစ် တည် ဆောက်ရန် စစ်တန်းလျားများဆောက်လုပ်ရာတွင်လိုအပ်သည်များအတွက်ဒေသခံရွာ နေပြည် သူလူထုများအား မြန်မာစစ်တပ်မှဝါးချောင်း၁၀၀၀၀ခန့်ကိုခုတ်ပေးရန်ခိုင်းစေခဲ့သည်။ယင်းသို့စစ်သင်တန်းစခန်းများ ဆောက်လုပ်နေခြင်းမှာရှမ်းပြည်နယ်မြောက်ပိုင်းတပ်မတော်ကိုဦးတည်တိုက်ခိုက်ရန်အတွက်အဓိက ထားပြင်ဆင်နေခြင်းဖြစ်သည်ဟုယင်းဒေသအတွင်းရှိမြန်မာစစ်တပ်အာဏာပိုင်တစ်ဦးမှ ပြောကြားခဲ့ သည်။


လက်ရှိတွင်မြန်မာအစိုးရမှပဋိပက္ခများပြဿနာများအားငြိမ်းချမ်းရေးလမ်းစဉ်ဖြင့်ဖြေရှင်းသွားမည်ဖြစ် ကြောင်းဂတိကဝတ်ပြုပြောဆိုနေသော်လည်းယင်းကဲ့သို့ပြောဆိုနေခြင်းနှင့်ဆန့်ကျင်သည့်လုပ်ရပ် များ ဖြစ်သည့်စစ်စခန်းများအားတိုးချဲ့ဆောက်လုပ်ခြင်း၊ စစ်တပ်အင်အားများတိုးချဲ့ဖြည့်စွက်နေခြင်း စ သည်တို့ကိုမြန်မာစစ်တပ်မှပြုလုပ်နေခြင်းအပေါ် ကျွန်ုပ်တို့ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှလွန်စွာစိုးရိမ်ပူ ပန် လျက်ရှိသည်။

ဤကဲ့သို့သောစစ်ဆင်ရေးများအားပြုလုပ်နေခြင်း၏မြင်သာလာသောရည်ရွယ်ချက်တစ်ရပ်မှာယင်း ဒေသအတွင်းပေါကြွယ်သည့်သဘာဝသယံဇာတအရင်းအမြစ်များအား (ရေအားလျှပ်စစ် ထုတ်လွှတ် နိုင်မှု အရင်းအမြစ်အပါအဝင်) ထုတ်ယူမှုရင်းနှီးမြှုပ်နှံမှုများ အားလုပ်ဆောင်နိုင်ရန် အစိုးရမှ ထိန်းချုပ် လို သောကြောင့်ယင်းဒေသအတွင်းရှိလက်နက်ကိုင်အင်အားစုများအားရှင်းလင်းပစ်လိုခြင်း ဖြစ် သည်။ ဤကဲ့သို့လက်ရှိတွင်ပဋိပက္ခများဖြစ်ပွားနေချိန်သဘာဝသယံဇာတအရင်း အမြစ်ခွဲဝေ မှုပြဿ နာများ ကိုနိုင်ငံရေးအရဆွေးနွေးရန်လိုအပ်နေမှုအားလျစ်လျူရှုကာ၊ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် မေလ ၂၂ ရက်နေ့က မြန်မာနိုင်ငံလျှပ်စစ်စွမ်းအင်ဝန်ကြီးနှင့် **Hydrochina Corporation** တို့မှတန့်ယန်းမြို့ အနီး ပဋိပက္ခဖြစ်ပွားရာဒေသအတွင်းသံလွင်မြစ်ပေါ် ရှိနောင်ဖာရေကာတာဆောက်လုပ်ရေး စီမံကိန်း အားပြန်လည်အကောင်အထည်ဖော်ရန်နားလည်မှုပြုသဘောတူညီမှုစာချုပ်ချုပ်ဆိုခဲ့သည်။ယင်းစီမံကိ န်းအားကန်ထရိုက်စွဲထားသည့်ပြည်တွင်းကုမ္ပဏီမှာစစ်ဝန်ကြီးဟောင်းဖြစ်သူ၂၀၁၂ ခုနှစ်အတွင်းရှမ်း ပြည် နယ်မြောက်ပိုင်းတပ်မတော်အားအပစ်အခတ်ရပ်ငြိမ်းချမ်းရေး သဘောတူညီမှုလက်မှတ် အသစ်

ပြန်              လည်ရေးထိုးရန်ပွဲစားအနေဖြင့်ဖော်ဆောင်ခဲ့သူဦးအောင်သောင်း၏မိသားစုပိုင်ဆိုင်သည့် International Group of Entrepreneurs (IGE) ဖြစ်သည်။

စစ်မှန်သည့်ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်စေရန်ရည်ရွယ်ချက်ဖြင့်ကျွန်ုပ်တို့ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှမြန်မာအစိုးရထံယခုကဲ့သို့ရှမ်းပြည်နယ်မြောက်ပိုင်းတပ်မတော်အားပစ်မှတ်ထားကာစစ်ဆင်ရေးများပြုလုပ်နေခြင်းကိုရပ်ဆိုင်းရန်၊စစ်လေ့ကျင့်ရေးစခန်းအသစ်ဆောက်လုပ်နေခြင်းကိုလည်းရပ်ဆိုင်းရန်နှင့်လက်ရှိတွင်ဒေသအတွင်းတိုးချဲ့ချထားသောငင်းတို့၏စစ်တပ်များအားပြန်လည်ရုတ်သိမ်းဆုတ်ခွာပေးရန်ပြင်းထန်စွာတိုက်တွန်းတောင်းဆိုလိုက်ပါသည်။

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှမြန်မာအစိုးရနှင့်တကွတရုတ်နှင့်ထိုင်းရင်းနှီးမြုပ်နှံသူကုမ္ပဏီများအားလုံးအပါအဝင်ပဋိပက္ခများကိုပိုမိုတောက်လောင်စေသည့်သံလွင်မြစ်ပေါ်ရေကာတာစီမံကိန်းများအားလုံးကိုချက်ချင်းရပ်ဆိုင်းပေးရန်အတွက်ကိုလည်းတောင်းဆိုလိုက်ပါသည်။




*မြန်မာစစ်တပ်မှရှမ်းပြည်မြောက်ပိုင်းတပ်မတော်အားပစ်မှတ်ထားသည့်စစ်ဆင်ရေးပြုလုပ်ခြင်းပြမြေပုံ*

**ဖြည့်စွက်ချက်။။**

**ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၄ခုနှစ်ဇွန်လမှဇွန်လိုင်လအစပိုင်းအထိစစ်ဆင်ရေးပြုလုပ်နေသည့်အချိန်ကာလ အတောအတွင်းမြန်မာစစ်တပ်မှလူ့အခွင့်အရေးချိုးဖောက်မှုပြုလုပ်ခဲ့သည်များအကျဉ်းချုပ်**

| ရက်စွဲ | ချိုးဖောက်မှု | နေရာ | အသေးစိပ် |
|---|---|---|---|
| ၂၀၁၄ခုနှစ်ဇွန်လ၁၂ရက်နေ့ | ရွာသားအားစစ်တပ်များအတွက်လမ်းပြအဖြစ်အဓမ္မခိုင်းစေခြင်း | မိုင်းရှူးမြို့နယ်၊ကိန်းလိန်ရွာ | မြန်မာစစ်တပ်တပ်ရင်း၁၄၉မှကိန်းလိန်ရွာသားတစ်ဦးဖြစ်သူအိုက်ကမ်အားငှင်းတို့ကိုရှမ်းပြည်မြောက်ပိုင်းတပ်မတော် (SSA-N)တပ်စခန်းရှိရာလွယ်ဆိုင်ဆီသို့လမ်းပြခေါ်ဆောင်သွားရန်အဓမ္မခိုင်းစေခဲ့သည်။ |
| ၂၀၁၄ခုနှစ်ဇွန်လ၁၄ရက်နေ့ | ရွာသားတစ်ဦးအားမြန်မာစစ်တပ်သားများကိုစစ်မြေပြင်အတွင်းသို့ကားမောင်းပို့ဆောင်ရန်အဓမ္မခိုင်းစေခြင်း | မိုင်းရှူးမြို့နယ်၊ဂမ်နမ့်တောင်ရွာ | မြန်မာစစ်တပ်တပ်ရင်း၁၄၉မှဂမ်နမ့်တောင်ရွာသားဖြစ်သူလုံးစင်းဆန်းအားSSAကိုတိုက်ခိုက်ရန်အတွက်ငှင်းရွာသား၏ကိုယ်ပိုင်ကုန်တင်ထော်လာဂျီကြီးအားမြန်မာစစ်တပ်တပ်သားများကိုအတင်းအဓမ္မတင်ဆောင်ခိုင်းကာကိုယ်တိုင်မောင်းနှင်စေခဲ့သည်။ ယင်းသို့မောင်းနှင်နေစဉ်စစ်ယာဉ်တန်း မှတိုက်ခိုက်မှုခံရချိန်တွင်လုံးစင်းဆန်းမှာငှင်းကိုယ်ပိုင်ထော်လာဂျီအားပစ်ထားပြီးထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ |
| ၂၀၁၄ခုနှစ်ဇွန်လ၁၄ရက်နေ့ | မော်တာလက်နက်များဖြင့်ရွာသားများနေထိုင်သည့်နေရာများအတွင်းသို့ပစ်ခတ်ခြင်း | မိုင်းရှူးမြို့နယ်၊ဂမ်နမ့်တောင်ရွာ | မြန်မာစစ်တပ်တပ်ရင်း၁၄၉သည်ဂမ်နမ့်တောင်ရွာအတွင်းမှနေ၍မော်တာလက်နက်များဖြင့်ပစ်ခတ်ခဲ့သည်။ယင်းသို့ပစ်ခတ်ရာမော်တာကျည်များမှာရွာနှင့်အလွန်နီးကပ်လှသည့်နေရာများသို့ကျရောက်ကာရွာသားလုံးဆန်းဂျာပိုင်ဆိုင်သည့်လယ်ကွက်အပါအဝင်ဒေသခံရွာသားများပိုင်လယ်ယာမြေများအားထိမှန်ကာပျက်စီးစေခဲ့သည်။ |
| ၂၀၁၄ခုနှစ်ဇွန်လ၂၆ရက်နေ့ | မော်တာလက်နက်များဖြင့်ရွာသားများနေထိုင်သည့်နေရာများအတွင်းသို့ပစ်ခတ်ခြင်း | ကျေးသီးမြို့နယ်၊ဂမ်ဂပ်ရွာ | မြန်မာစစ်တပ်တပ်ရင်း၂၄၇သည်ဂမ်ဂပ်ရွာအတွင်းမှနေ၍မော်တာလက်နက်များဖြင့်ပစ်ခတ်ခဲ့သည်။ |
| ၂၀၁၄ခုနှစ်ဇွန်လ၂၆ရက်နေ့မှဇွန်လိုင်လအစောပိုင်းအထိ | ရွာသားများ၏သွားလာရေးနှင့်စားနပ်ရိက္ခာများဆန်များအားရွာအတွင်းအပြင်သယ်ယူပို့ဆောင်ခြင်းများကိုတားမြစ်ပိတ်ပင်ထားခြင်း၊စိုက်ပျိုးပင်များနှင့်ခြံစည်းရိုး | ကျေးသီးမြို့နယ်အတွင်းရှိသည့်ရွာများဖြစ်သောပန်ကျယ်ရွာ၊ လွယ်ရွဲရွာ၊ဂမ်ဂပ်ရွာ၊ဖာဆောင် | မြန်မာစစ်တပ်တပ်ရင်း၅၁၆၊၂၄၇၊၂၄၈၊၂၉၄၊၂၈၇၊၉၁၁၂မှစစ်အင်အား၈၀၀ကျော်ခန့်တို့သည်ကျေးသီးမြို့နယ်အတွင်းရှိယင်းရွာများအတွင်း၌စခန်းချနေရာယူထားကြသည်။ ငှင်းမြန်မာစစ်တပ်တို့မှရွာသား |

| | | | |
|---|---|---|---|
| | များအားဖျက်ဆီးပစ်ခြင်း၊ရွာသားပိုင်းဥစ္စာပစ္စည်းများအားလုယူခြင်း။ | ရွာနှင့်ကောင်းလန်းရွာ | များအားတစ်အိမ်နှင့်တစ်အိမ်လည်ပတ်ခြင်းဂင်ထွက်သွားလာခြင်းနှင့်ရွာတွင်းရွာပြင်စားနပ်ရိက္ခာများသယ်ဆောင်ခြင်းများအားပိတ်ပင်တားမြစ်ထားခဲ့သည်။ ထို့ပြင်ယင်းတပ်သားများမှာရွာသားများ၏လယ်ကွက်များယာများအားဖြတ်နင်းကာစစ်ကင်းလှည့်ခြင်း၊ရွာသားများ၏သီးနှံစိုက်ပျိုးပင်များနှင့်ခြံစည်းရိုးများအားဖျက်စီးပစ်ခြင်း၊ ရွာသားပိုင်ပစ္စည်းဥစ္စာများအားလုယူခြင်းစားသောက်ခြင်းများကိုပြုလုပ်ခဲ့သည်။ |
| ၂၀၁၄ခုနှစ်ဖွန်လနောင်းပိုင်းမှဖွန်လိုင်လအစောပိုင်းအထိ | ရွာစာသင်ကျောင်းအတွင်းစစ်စခန်းချထားခြင်း | ကျေးသီးမြို့နယ်၊ဂမ်ဂပ်ရွာ | မြန်မာစစ်တပ်များမှဂမ်ဂပ်ရွာအတွင်းရှိစာသင်ကျောင်းအတွင်းစစ်စခန်းလာရောက်ချထားခြင်းကြောင့်၊ရွာတွင်းရှိကျောင်းနေသည့်ကလေးပေါင်း၁၂၅ယောက်မှာကျောင်းသို့မသွားနိုင်ဖြစ်ခဲ့သည်။ |
| ၂၀၁၄ခုနှစ်၊ဖွန်လ၂၇ရက် | လက်နက်ကြီးစစ်သင်တန်းကျောင်းအသစ်ဆောက်လုပ်ရန်အတွက်ရွာသားများအားဝါးများခုတ်ခိုင်းခြင်း | တန့်ယန်းမြို့နယ်၊မန်ကတ်ကျေးရွာအုပ်စု | မန်ကတ်ကျေးရွာအုပ်စုအတွင်းရှိဖာပိန်းရွာနှင့်တန့်ယန်းမြို့နယ်အကြားစစ်လေ့ကျင့်ရေးတပ်စခန်းတည်ဆောက်ရန်အတွက်မြန်မာစစ်တပ်တပ်ရင်းမှူးတစ်ဦးမှမန်ကတ်ကျေးရွာအုပ်စုသို့လာရောက်ပြီး၊ နားဟုတ်ရွာ နှင့်ခိုယောင်းရွာမှရွာသားများအား ဝါးချောင်း၁၀၀၀ခန့်ကိုစု ဆောင်းထားပေးရန်အမိန့်ပေးခဲ့သည်။ |

**၂၀၁၄ခုနှစ်ဖွန်လ၂၆ရက်နေ့မှစ၍မြန်မာစစ်တပ်တပ်သားများကြောင့်၄င်းတို့၏ဥစ္စာပစ္စည်းများပျက်စီးဆုံးရှုံးသွားသောဂမ်ဂပ်ကျေးရွာအုပ်စုရှိဂမ်ဖာဆောင်ရွာအတွင်းနေထိုင်သည့်ရွာသားများ၏စာရင်း**

| စဉ် | အမည် | ပျက်စီးဆုံးရှုံးသွားသော/လုယက်ခံရသည့်ဥစ္စာပစ္စည်းများ | | | | |
|---|---|---|---|---|---|---|
| | | ကြက် (ကောင်ရေ) | ပြောင်းဖူးခြံ | မြေပဲခြံ | စပါးယာကွက် | အခြား |
| ၁ | အိုက်မွန် | | | ၃ | | |
| ၂ | လုံးစောလုံ | | ၆ | ၆ | | |
| ၃ | လုံးထွန်း | | ၅ | ၅ | | |
| ၄ | လုံးကောင် | | | ၁ | | |
| ၅ | အိုက်ပီးနှင့်အေးညွန့် | | ၄ | ၂ | | |
| ၆ | စိုင်းသား | | ၆ | ၃ | | |
| ၇ | ပူယွန်း | | ၃ | | | |
| ၈ | ဆန်အော | | ၃ | | | |
| ၉ | ကောလင် | | ၆ | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၀ | စောသား | | ၃ | | | |
| ၁၁ | စောအွန် | | ၁၀ | | | |
| ၁၂ | ဆန်ညွန့် | | ၂ | | ၄ | |
| ၁၃ | ဆန်အွန်း | | ၆ | | ၁ | |
| ၁၄ | နားလင် | | ၆ | | ၄ | |
| ၁၅ | လုံးလှိုင်နှင့်ပါနန်း | | ၃ | | ၂ | |
| ၁၆ | ပါအင် | | ၄ | | ၂ | |
| ၁၇ | နန်ဒါ | | ၄ | | | |
| ၁၈ | လုံးယွန်း | | ၄ | | | |
| ၁၉ | လုံးကျော်လှိုင် | | ၃ | | | |
| ၂၀ | လုံးအောင်ယန်း | | ၁၀ | | | |
| ၂၁ | ကျော်လူ | | ၂ | | | ဆိုလာပြား |
| ၂၂ | အေးဂါ | | ၂ | | | |
| ၂၃ | စိုင်းဂမ် | | ၁ | | | |
| ၂၄ | ကောကော် | | ၃ | | | |
| ၂၅ | စိုင်းမှူး | | | ၆ | | |
| ၂၆ | ပါခမ်းလီ | ၁၀ | | | | ဆိုလာပြား |
| ၂၇ | ပါနွန်း | ၁၀ | | | | |
| ၂၈ | မီးလင် | ၃ | | | | |
| ၂၉ | စံသိန်း | | | | | ဆိုလာပြား |
| ၃၀ | နိုင်းန | ၄ | | | | |
| ၃၁ | စောဂ | ၂ | | | | |
| | စုစုပေါင်း | ၂၉ | ၁၀၆ | ၂၆ | ၁၃ | ဆိုလာ၃ပြား |
| | စုစုပေါင်းဧက | | ၁၄၁.၃၃ | ၃၄.၆ | ၁၇.၂ | |

**ဂမ်ဖာဆောင်ရွာမှ IDP စစ်ပြေးဒုက္ခသည်အမျိုးသမီးတစ်ဦးအားမေးမြန်းချက်။။**

"အခုဆိုရင်ကျွန်မတို့ရဲ့မြေပဲခြံရောပြောင်းဖူးခြံတွေရောဘာမှမကျန်တော့ဘူး။မြန်မာစစ်သားတွေက ကျွန်မတို့ခြံစည်းရိုးတွေကိုဖျက်ဆီးပြီးခြံထဲကစိုက်ပျိုးပင်တွေအပေါ်ဒီတိုင်း တက်နင်းသွားကြတယ်။ ကျွန်မရဲ့ ပြောင်းဖူးနဲ့မြေပဲပင်တွေဆိုရင်ပွင့်စဘဲရှိသေးတယ်။ အခုတော့ကျွန်မတို့အဓိကမှီခိုအား ထားစရာ စိုက်ပျိုးခြံတွေအကုန်လုံးပျက်စီးကုန်ပြီ။ကျွန်မလည်းဘာဆက်လုပ်ရမယ် မသိတော့ဘူး။ ပြီးတော့ဗမာစစ်သားတွေကရွာသားတွေရဲ့ကြက်တွေကိုလဲဒီတိုင်းဘဲသတ်စားကြတယ်။ ကျွန်မတို့ လည်းလဆုတ်ရက် ( ၂၀၁၄ ခုဖွန်လ ၂၆ ရက်နေ့) ကတည်းကထွက်ပြေးလာခဲ့တာဘဲ"။



*ကျေးရွာတစ်ရွာအတွင်းရှိဘုန်းကြီးကျောင်းအတွင်းသို့ဝင်ရောက်ခိုလှုံနေရသောစစ်ပြေးဒုက္ခသည်များ*